**သထုံစွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်အတွက် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ပတ်သက်၍ ပြည်သူများ၏တိုင်ကြားစာ/အကြံပြုစာများပေါ် လက်တွေ့ဖြေရှင်းရန်စီမံချက်**

**(Grievance Redress Mechanism (GRM))**

ဤမှတ်တမ်းတွင် သထုံစွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်အတွက် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ ပြည်သူများ၏တိုင်ကြားစာများပေါ် လက်တွေ့ဖြေရှင်းရန် နည်းလမ်းများ (Grievance Redress Mechanism (GRM))အား ကမ္ဘာ့ဘဏ်၏ အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များနှင့်အညီဆောင်ရွက်နိုင်ရေး အကြံပြုချက်များနှင့် အဆိုပြုချက်များကို ဖော်ပြထားပါသည်။

**၁။ တိုင်ကြားစာများအားတရားဝင်ဖြစ်စေရန်ဆောင်ရွက်ရမည့်နည်းလမ်းများ**

၁.၁ တိုင်ကြားစာပုံစံ

သထုံစွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအသစ်တည်ဆောက်ခြင်း၊မောင်းနှင်လည်ပတ်ခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်းများ၊ တိုင်တန်းလိုချက်များ ရှိပါက တိုင်ကြားစာပုံစံ (GRM)တွင် ဖြည့်စွက်၍ အောက်ပါ GRM အဖွဲ့ဝင်များအား လိပ်မူ တိုင်ကြားနိုင်မည် ဖြစ်ပါသည်-

- ကျေးရွာအုပ်ချုပ်ရေးမှူးရုံး
- ဦးကျော်ထွန်းဦး(ကျေးရွာအုပ်ချုပ်ရေးမှူး)၊ ကြာပန်းရွာ
- ရာအိမ်မှူးများ
    - ဦးဖားလူ (ရာအိမ်မှူး) ၊ သံပန်းရွာ
    - ဦးဖိုးပိ (ရာအိမ်မှူး)၊ အင်းရှည်ရွာ
    - ဦးမောင်ဦး (ရာအိမ်မှူး)၊ ညောင်ဝိုင်းရွာ
    - ဦးစောနောင် (ဥက္ကဌ)၊ ကြာပန်းရွာမီးလင်းရေးကော်မတီ
- လူမျိုးစုခေါင်းဆောင်များ
    - ဦးအောင်ညွန့်(ပအို့ဝ်တိုင်းရင်းသားခေါင်းဆောင်)
    - ဦးရွှေချစ် (ကရင်တိုင်းရင်းသားခေါင်းဆောင်)

- ဦးညာဏ်သိန်း (ကရင်စာပေနှင့်ယဉ်ကျေးမှု)၊
  ကရင်တိုင်းရင်းသားကော်မတီ
- သထုံဓာတ်အားပေးစက်ရုံ (စီမံရုံး)
  - ဌာနခွဲစာရေး (စီမံ)၊ သထုံဓာတ်အားပေးစက်ရုံ

တိုင်ကြားစာပုံစံအား နောက်ဆက်တွဲ (၁)တွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားပါသည်။

စာမရေးနိုင်သောသူဖြစ်ပါက ၎င်းအစား အခြားတစ်ယောက် ( ဥပမာ ။ ဆွေမျိုး၊ တိုင်းရင်းသား ခေါင်းဆောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး )မှ တိုင်ကြားစာပုံစံဖြည့်စွက်ပေးနိုင်ပါသည်။

၁.၂ တိုက်ရိုက်ဖုန်းနံပါတ်

တိုင်ကြားစာဖြင့်တိုင်ကြားခြင်းအပြင် ထပ်ဆောင်းပြောကြားလိုသည့် အချက်များရှိပါက စက်ရုံမှူး ၊ သထုံဓာတ်အားပေးစက်ရုံ ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသို့ဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်သည်။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်အား ဆိုင်းဘုတ်များ၊ ပိုစတာများဖြင့်ဖော်ပြထားမည်ဖြစ်ပါသည်။

(အပိုဒ် ၄ တွင် ဖော်ပြထားပါသည်။)

## ၂။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်ရန်အချက်များ

၂.၁ GRM အဖွဲ့ ဖွဲ့စည်းခြင်း

- ပထမဦးစွာ အထက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်း၍ GRM အဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားထားရန်
- GRM အဖွဲ့တွင် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် သဘောတူညီမှု ယူထားရန်
- အဆိုပြုပုံစံ အစုံ (၅၀) ထုတ်ပေးရန်
- အထက်ဖော်ပြပါ အဖွဲ့အစည်း / တည်နေရာများသို့ တိုင်ကြားစာပုံစံများ ဝေငှထားရန်

**၂.၂ GRM ကိုစောင့်ကြည့်စစ်ဆေးခြင်း**

တိုင်ကြားခြင်းများရှိ/မရှိသေချာမှုရှိစေရန် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းသည် တစ်လလျှင်တစ်ကြိမ် အဖွဲ့ဝင်အဖွဲ့အစည်းများသို့ ဆက်သွယ်၍ စောင့်ကြည့် စစ်ဆေးသွားရမည်ဖြစ်ပါသည်။

### ၂.၃ **တိုင်ကြားချက်များကို ပြန်လည်ဖြေကြားခြင်း**

တိုင်ကြားလာသည့် မည်သည့်တိုင်ကြားချက်ကိုမဆို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းသည် အချိန်တိုအတွင်းရှင်းလင်း ပြန်ကြားပေးရမည်ဖြစ်ပါ သည်။ GRM အနေဖြင့် အသက်အရွယ် ၊ ကျားမ ၊ ဝင်ငွေ ၊ မျိုးနွယ် ၊ ကိုးကွယ်မှု အစရှိသည့် အခြေအနေများအပေါ်မူတည်၍ တိုင်ကြားချက်များကို ခွင့်မပြုခြင်း ၊ ခွဲခြားဆက်ဆံခြင်းများမပြုပဲမျှတစွာဆက်ဆံဖြေရှင်းပေးရပါမည်။လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် တိုင်ကြားချက်များကို ပေါက်ကြား ခြင်းမရှိစေပဲ ဖြေရှင်းပေးရမည် ဖြစ်ပါသည်။

### ၂.၄ **တိုင်ကြားချက်များ နှင့်ဖြေရှင်းပေးချက်များကို မှတ်တမ်းသွင်းခြင်း**

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည်လက်ခံရရှိလာသည့် တိုင်ကြား စာများ၊ ပြန်လည်ဖြေရှင်းပေးသည့် ပြန်ကြားချက်များကို လက်ခံရရှိသည့်နေ့စွဲနှင့် ပြန်ကြားပေးသည့်နေ့စွဲတို့ဖြင့် သတ်သတ်မှတ်မှတ် မှတ်တမ်းတင်ထားရမည် ဖြစ်ပါ သည်။

## ၃။ **အဖွဲ့ဝင် အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များ**

တိုင်ကြားစာပုံစံများ လက်ခံထားရှိသည့် အဖွဲ့အစည်းများအနေဖြင့် အောက်ပါအချက် အလက်များကို အကူအညီပေးနိုင်မည်ဖြစ်ပါသည်-

- အများပြည်သူများ အဆင်ပြေစွာတိုင်ကြားမှုပြုနိုင်စေရန် ၊ တိုင်ကြားစာပုံစံနှင့် ရေးသားရန် ဘောပင်ကို ထားရှိပေးထားခြင်း
- စီမံကိန်းနှင့်ပတ်သက်သည့်တိုင်ကြားလိုသည့်အချက်များကို ပုံစံတွင် ဖြည့်စွက်နိုင်ရေး လမ်းညွှန်မှု ပြုပေးခြင်း

## ၄။ **အခြားဆက်သွယ်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ**

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် GRMနှင့် ပတ်သက်၍ အများပြည်သူသို့

အသိပေးနိုင်ရေးအတွက် အောက်ဖော်ပြပါနေရာများတွင် ကြော်ငြာဆိုင်းဘုတ်များ ၊ လက်ကမ်းစာစောင်များကို ထားရှိရမည် ဖြစ်ပါသည်-

- တည်ဆောက်ရေးလုပ်ငန်းခွင် အဝင်အဝနေရာ
- ကျေးရွာ/မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ

ကြော်ငြာဆိုင်းဘုတ်များတွင် အောက်ပါသတင်းအချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

**သထုံသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအသစ်စီမံကိန်း**

**အများပြည်သူသို့အသိပေးကြေငြာချက်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် သထုံ-ဘားအံကားလမ်းမကြီးဘေး၊ သထုံမြို့နယ် ကြာပန်းကျေးရွာအနီး သထုံဓာတ်အားပေးစက်ရုံဝင်းအတွင်း သဘာဝဓာတ်အားပေးစက်ရုံအသစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်း (စက်ရုံအသစ်တည်ဆောက် ခြင်းနှင့်လည်ပတ်ခြင်း)နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြသည့်အချက်များ ၊ သိရှိလိုသောအချက်များနှင့် သတင်းပေးပို့လိုသည့် ဖြစ်စဉ်အကြောင်းအရာများရှိပါက သတ်မှတ်ထားသောပုံစံစာရွက်တွင် လိုအပ်သော အချက်အလက်များ ရေးသွင်းပြီးသက်ဆိုင်ရာကျေးရွာ/မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှတဆင့်စက်ရုံမှူး(သထုံဓာတ်အားပေးစက်ရုံ)သို့ပေးပို့ပါရန် နှင့် အကြောင်းကြားချက်များကို အချိန်တိုအတွင်းပြန်လည် အကြောင်းပြန်ကြားပေးပါမည်။**

**ဖုန်းဖြင့် ဆက်သွယ်လိုပါက - စက်ရုံမှူး၊သထုံဓာတ်အားပေးစက်ရုံ**

၀၉-၂၅၀၃၄၄၉၃၂ / ၀၉-၄၃၀၀၅၈၇၉

## ၅။ GRM ပြောင်းလဲပြင်ဆင်နိုင်မှု

GRM ဆိုသည်မှာ ပုံစံအတည်သတ်မှတ်ထားခြင်းမဟုတ်ဘဲအများပြည်သူထံမှရရှိလာသည့် အကြံပြုချက်များ ၊ ၎င်းကိုအသုံးပြုခြင်းမှရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ပြင်ဆင်ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။ GRMကို အသုံးပြုခြင်းကြောင့် အခြားစီမံကိန်းများ ဆောင်ရွက်ရာတွင်လည်းကောင်းကျိုးများ ရရှိနိုင်မည်ဖြစ်ပြီး တိုင်ကြားမှုများကိုဖြေရှင်းရာတွင်လည်း နည်းလမ်းအသွယ်သွယ်ဖြင့် ဖြေရှင်းပေးနိုင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

# သထုံဓါတ်ငွေ့သုံးဓါတ်အားပေးစက်ရုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး တိုင်ကြားရန်သတ်မှတ်သည့်ပုံစံ

| | | | | |
|---|---|---|---|---|
| အမျိုးသား (   ) (သို့) အမျိုးသမီး (   ) (သင့်လျော်ရာကွက်လပ်တွင် √ ခြစ်ပါ) | | | | |
| အလုပ်အကိုင်/ရာထူး | | | | |
| အမည် -<br>(ဖြည့်စွက်သူကအမည်မဖော်လိုပါကအမည်ဖြည့်စွက်ရန်မလိုပါ။) | | | | |
| သင့်အားမည်သို့ဆက်သွယ်စေလိုသည်ကို တစ်ခုခုကို သက်ဆိုင်ရာကွက်လပ်တွင် ဖြည့်စွက်ပေးပါ | ☐ စာတိုက်မှ တဆင့်<br>☐ လူကိုယ်တိုင် | ☐ တယ်လီဖုန်း ဖြင့် | ☐ အီးမေးလ် အင်တာနက် စာပို့စနစ် ဖြင့် | ☐ အခြားနည်း ဖြင့် |
| | ဆက်သွယ်ရန် လိပ်စာ | တယ်လီဖုန်း နံပါတ် | အီးမေး လိပ်စာ | အခြားဆက်သွယ်ရမည့် နည်းလမ်း ကိုဖော်ပြပါ။ |
| ဆက်သွယ် ရာတွင် အသုံးပြုလိုသည့် ဘာသာစကား | ☐ မြန်မာဘာသာ စကား | ☐ အခြားဘာသာစကား | | |
| | | အခြားဘာသာစကားကိုဖော်ပြပါ | | |
| ထိခိုက်နစ်နာသည့်အဖြစ်အပျက်ကိုအောက်ပါကွက်လပ်တွင်ရှင်း လင်းဖော်ပြပါ။ (ဘာဖြစ်ခဲ့သလဲ၊ ဘယ်မှာဖြစ်ခဲ့သလဲ၊ ဘယ်သူ့အပေါ်ဖြစ်ပျက်ခဲ့သလဲ။ ဖြစ်ပျက်သည့်ပြဿနာ၏ အကျိုးဆက်ကဘာလဲစသဖြင့်ဖော်ပြပါရန်) | | | | |
| | | | | |

တစ်ဘက်သို့

| | |
|---|---|
| ဖြစ်ပျက်သည့်နေ့စွဲ | |
| ☐ တစ်ကြိမ်တစ်ခါသာဖြစ်ခဲ့သည့်အဖြစ်အပျက်ဖြစ်သည် | နေ့စွဲ |
| ☐ တစ်ကြိမ်ထက်မကဖြစ်ခဲ့သည့်အဖြစ်အပျက်ဖြစ်သည် | ဘယ်နှစ်ကြိမ်ဖြစ်ခဲ့သလဲ |
| ☐ လက်ရှိအတွေ့ကြုံခံစားနေရသည့်အဖြစ်အပျက်ဖြစ်သည် | |
| ဖြစ်ပျက်သည့်ကိစ္စအတွက်ထပ် တွင် ဖြေရှင်းရန်နည်းလမ်းအကြံပြုချက်ရှိပါသလား။ (အောက်ပါကွက်လပ်တွင် ရှင်းလင်းရေးသားပေးပါ) | |
| | |
| ☐ ကျွန်ုပ်ကစာဖြင့်ရေးသားထားသည့်သဘောတူညီချက်မရှိပဲ ကျွန်ုပ် အမည်ကိုအခြားသူအား ဖော်ပြခြင်းမပြုရန် မေတ္တာရပ်ခံပါသည်။ | |
| လက်မှတ်ရေးထိုးရန်<br>*(သင့်အမည်ကိုမသိစေလိုပါက လက်မှတ်ရေးထိုးရန်မလိုပါ)* | |
| နေရာ | |
| နေ့စွဲ | |